Australian Government
Department of Home Affairs

# အခမဲ့စကားပြန်ဝန်ဆောင်မှုများ

## COVID-19 ကြောင့်ဝန်ဆောင်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

COVID-19 အခြေအနေ အတွင်း အင်္ဂလိပ်ဘာသာစကား ကျွန်းကျင် မှု လုံးဝမရှိ သို့မဟုတ် အလွန်နည်းသူများ အတွက် အရည် အသွေးပြည့် စကားပြန်ဝန်ဆာင်မှုများ ကို အသုံးပြုမှုက  အလွန် အရေးပါပါသည်။

လူအများ အနေဖြင့် စကားပြန် ဝန်ဆာင်မှု များ ကို ရနိုင်ပါက အသုံးပြု သင့်သည်။

**COVID-19 နှင့် ၄င်း ၏ ရောဂါ လက္ခဏာ များကို** လေ့လာပါ။

## အခမဲ့စကားပြန်ဝန်ဆောင်မှုများကဘာပါလဲ

အခမဲ့ စကားပြန်ဝန်ဆောင်မှုများ ကို ရယူရန် အကယ်၍ သင်အနေဖြင့်

- ဩစတြေးလျတွင် ရှိလျှင်
- ကျန်းမာရေးစောင့်ရှောက်မှု ကတ်ပြားရှိ လျှင်
- အင်္ဂလိပ်စာ ကျွမ်းကျင်မှုနိမ့်လျှင်။

## အခမဲ့စကားပြန်ဝန်ဆောင်မှုများကိုဘယ်လိုရနိုင်သလဲ။

အောက်ပါ ဝန်ဆောင်မှု ပေးသူများက သင်၏ကိုယ်စား အခမဲ့ စကားပြန်ဝန်ဆောင်မှုများ ရယူပေးနိုင်သည်။

- ပုဂ္ဂလိက ဆေးကုသခန်းများ
- ဆေးဆိုင်များ
- အစိုးရမဟုတ်သော အဖွဲ့အစည်းများ
- အိမ်ငှား အေဂျင်စီများ
- ဒေသဆိုင်ရာ အစိုးရအာဏာပိုင်များ ဥပမာ ဒေသ ကောင်စီများ

- အလုပ်သမား သမဂ္ဂများ နှင့်
- ပါလီမန် အမတ်များ

အချက်အလက်များ ထပ်မံ သိလိုပါက **ဤနေရာတွင် ကြည့်ပါ။**

အထက်ပါ ဝန်ဆောင်မှု ပေးသူများက သင်၏ ဘာသာစကားဖြင့် အချက်အလက်များ ရယူရန်နှင့် အကြံပေးရန် တယ်လီဖုန်းစကားပြန်သူတစ်ဦးကို မိနစ် အနည်း ငယ်အတွင်း ရှာဖွေပေးနိုင်သည်။

## စကားပြန်များ

ဘာသာပြန်များ နှင့် စကားပြန်များ အတွက် အမျိုးသား အသိအမှတ်ပြု အာဏာပိုင်က အရည်အချင်း ရှိသည့် စကားပြန်များကို အသုံးပြုထားသည်။ စကားပြန်များသည် ပညာရှင်ဆိုင်ရာကျင့်ဝတ်များကိုလိုက်နာရပြီး ၎င်းတို့အနေဖြင့်

- အချက်အလက်များ ကို မှန်မှန် ကန်ကန် နှင့် ရိုးရိုးသားသား ပြန်ဆိုရမည်။
- သိုသပ်ထားရှိရမည်။
- ဘက်လိုက်မှုမရှိပဲ မျှတ ရမည်။
- ပညာရှင် ဆိုင်ရာအပြုအမူ နှင့် အမြဲရှိရမည်။

အခမဲ့ စကားပြန် ဝန်ဆောင်မှု မူဝါဒအနေဖြင့် တတ်နိုင်သမျှ အရည်အချင်းအမြင့်ဆုံး စကားပြန်ကို အသုံးပြုရန် ဖြစ်သည်။ ထို့ကြောင့် သီးခြားစကားပြန် ကို ရွေးချယ် တောင်းဆို ခြင်း မပြုရပါ။

## FIS ကဘာဝန်ဆောင်မှုများ ပေးပါသလဲ။

- ချက်ချင်း ဖုန်းဘာသာပြန်ခြင်း။ ဤဝန်ဆောင်မှုက ကြိုတင်မရည်ရွယ်ထားပဲ စကားပြန်လိုအပ်လာသူများ အတွက် အများဆုံး အသုံးဝင်သည်။ ၎င်းက
  - ဘာသာစကား ၁၆၀ ကျော်အတွက် စကားပြန်ဦးရေ ၃၀၀၀ ကျော်
  - တနေ့၂၄ နာရီ တပတ် ၇ ရက် စကားပြန်ဝန်ဆောင်မှု
  - ခေါ်ဆိုပြီး မိနစ် အနည်းငယ် အတွင်း စကားပြန်နှင့် ဆက်သွယ်ပေးခြင်း

- ကြိုတင်စီစဉ် ဖုန်းစကားပြန်

- ကြိုတင်စီမံထားသည့် စကားပြန်ဆိုမှု သို့မဟုတ် ရှားပါးသော ဘာသာစကားကို တောင်းဆိုလျှင် အသုံးဝင်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်သည်။